# ခင်လယ်ကျေးရွာ

# ခင်လယ်ကျေးရွာအုပ်စု

# မြစ်သားမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

## ( ၂၀၁၇ - ၁၀၂၁ )

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ခင်လယ်ကျေးရွာ ၊ မြစ်သားမြို့နယ်

( စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည် )

၂၀၁၈ ခုနှစ်၊ မေလ

# မာတိကာ


| ခေါင်းစဉ် | စာမျက်နှာ |
|---|---|
| မာတိကာ | ခ |
| စကားချီး | ၁ |
| ခင်လယ်ကျေးရွာ၊ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မြစ်သားမြို့နယ် | ၃ |
| **အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** | ၄ |
| (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၄ |
| (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက် | ၄ |
| (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | ၆ |
| (၂) ကျေးရွာ၏တည်နေရာ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၆ |
| (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား | ၆ |
| (ခ) သဘာဝအရင်းအမြစ်များ | ၇ |
| (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ | ၇ |
| (က) လူဦးရေဆိုင်ရာအချက်လက်များ | ၇ |
| (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | ၇ |
| (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | ၈ |
| (ဃ) ကျန်းမာရေးနှင့် အာဟာရ | ၉ |
| (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ | ၉ |
| (စ) ကျားမဆိုင်ရာ ဆက်နွယ်မှု | ၉ |
| (၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ | ၁၀ |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | ၁၀ |
| (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | ၁၀ |
| (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | ၁၁ |
| (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု | ၁၂ |
| (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၁၂ |
| (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၃ |
| (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | ၁၄ |
| (ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမှီမှု- လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး | ၁၄ |
| (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | ၁၅ |

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၅
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၅
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၅
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်ဗျူဟာ ၁၆
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၈
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၉
(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၁၉
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ၁၉
(ဂ) ဦးစားပေး စီမံချက်များ ၂၀
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၂
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ် ၂၂
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ ၂၃
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၃
( ခ ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း ၂၃
( ဂ ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၄
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၅
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၅
(က) ကြီးကြပ်စစ်ဆေးခြင်း ၂၆
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၂၇
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၂၈

**ကိုးကားစာရင်း** ၃၀
**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၃၂
စီမံချက််ဆိုင်ရာ အချက်အလက် ပုံစံ ၃၃

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇ / ၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀ / ၂၁ ခုနှစ်အထိ ( ၅ ) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်းရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သောနေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း ( ၂ ) ပိုင်းပါရှိပါသည်။ အပိုင်း ( က ) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း ( ခ ) သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

၂၀၁၈ ခုနှစ်၊ မေလ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ခင်လယ်ကျေးရွာ၊
မြစ်သားမြို့နယ်။

## အပိုင်း က

## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

### (၁) နိဒါန်း

**(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်။** ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာန များ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါ သည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်း ဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည် ဖော် ရန်လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရ သော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုး ဖြစ်စေ သော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ ( ၅ ) နှစ်တာကာလအပြီးတွင် ရရှိ အောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေ နှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေး နှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

## နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ ( ကမ္ဘာ့ဘဏ် ၊ အာရှဖွံ့ဖြိုးရေးဘဏ် ) ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။** ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို  လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင်  ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

**(၂) ကျေးရွာ၏တည်နေရာ၊ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ**

**(က) တည်နေရာ၊ ရာသီဉတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ။ ။** ခင်လယ်ကျေးရွာသည် ခင်လယ်ကျေးရွာအုပ်စု၊ မြစ်သားမြို့နယ်တွင် ပါဝင်ပါသည်။ မြစ်သားမြို့နယ်၏ အရှေ့တောင်ဘက်တွင် တည်ရှိပါသည်။အရှေ့ဘက်တွင် ရွှာငံနယ်နိမိတ်ထိစပ်တောင်တန်းများ၊ အနောက်တောင်ဘက်

တွင် ပိန္နဲပင်ကျေးရွာနှင့် မြောက်ဘက်တွင် မြေတောင်ကျေးရွာ၊ အနောက်မြောက်ဘက်တွင် မြဂနိုင်ကျေးရွာ တည်ရှိပါသည်။ အပူပိုင်း မိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်ပါသည်။ တောင်ပေါ်ဒေသကျေးရွာ တစ်ရွာ ဖြစ်ပါသည်။ မြစ်သားမြို့နယ်တွင်း ရှားပါးသော တောင်ပေါ်ကျေးရွာဖြစ်ပါသည်။

**(ခ) သဘာဝအရင်းအမြစ်များ။ ။** တောင်ပေါ်ဒေသဖြစ်သည့်အတွက် မြေဆီဩဇာအနည်းငယ်သာ ကောင်းမွန်သော ထုံးခတ်များသော လယ်ယာမြေများ ဖြစ်ကြပါသည်။ကျေးရွာ၏ အရှေ့တောင်ဘက် ရှာင်နယ်စပ်နှင့်ထိစပ်နေသော ကျောက်တောင်ကိုးလုံးအောက်မှ ရေများထွက်ရှိပါသည်။ ထိုရေထွက်ကိုသာ မှီခိုအားထား၍ လယ်ယာစိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြရပါသည်။ စပါး(ကောက်ရင်)၊ ပဲရင်း၊ ငှက်ပျော ၊ ဝါစသော သီးနှံ အနည်းငယ်သာ ကောင်းမွန်စွာ ဖြစ်ထွန်းအောင်မြင်ပါသည်။ ရှာင် နယ်စပ်တောင်တန်းများပေါ်တွင် (ဘီလူးငှက်သိုက်) ရှေးအခေါ် အဝေါ် ငှက်မျိုးများကို သဘာဝတိရစ္ဆာန် များကိုလည်း ယနေ့အချိန်အထိ တွေ့ရှိရပါသည်။ ဒဟပ်၊ သန်း၊ ပိတောက်၊အင် စသော သစ်ပင်များ ပေါများ၍ လောင်စာထင်းအဖြစ်အသုံးပြုနိုင်ပါသည်။ ထိကရုံး၊ ဆင်တုံးမနွယ် ၊ ဂင်ဦ(အနီ) စသော ဆေးဖက်ဝင်အပင်များလည်းတွေ့ရပါသည်။ ပတော်၊ လက်သည်းကွဲ၊ မြေဇာ ၊ ကောက်ရိုး စသော နွားစာ ပေါက်ရောက်ပါသည်။

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာအကြောင်းအရာများ။ ။** ကျေးရွာတွင် အိမ်ထောင်စု **(၁၂၀)** ရှိပါသည်။ အမျိုးသားစုစုပေါင်း **(၂၅၅)** ဦးနှင့် အမျိုးသမီးစုစုပေါင်း **(၂၅၂)** ဦးရှိပြီး ၊ စုစုပေါင်း လူဦးရေ **(၅၀၇)** ဦးရှိပါသည်။ နို့စို့အရွယ် ကလေးသူငယ် မ **(၁)** ဦးသာရှိပါသည်။ အများစုသော လူဦးရေ **(၃၇၀)**ဦး သည် ၁၅ နှစ်နှင့် ၆၄ နှစ်အကြား အလုပ်လုပ်နိုင်သော အရွယ်များဖြစ်၍ လုပ်သား အင်အား ပေါများပါသည်။ ၆၅နှစ်အထက် သက်ကြီးရွယ်အိုအရွယ်သည် စုစုပေါင်းလူဦးရေ၏ **(၁၁)** ဦး ရှိပါသည်။ ၅နှစ်မှ ၉နှစ်အကြား၊ မူလတန်းကျောင်းသားအရွယ် **(၄၃)**ဦး၊ ၁၀နှစ်မှ ၁၄နှစ်အကြား အလယ်တန်းကျောင်းသားအရွယ် **(၄၉)**ဦး ရှိပါသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု။ ။** ခင်လယ်ကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအသက်မွေးဝမ်းကျောင်းပြုလုပ်ကြပါသည်။ တောင်သူလယ်သမား (၇၂) ဦး ရှိပါသည်။ လယ်ယာလုပ်ငန်းများတွင် အငှားလုပ်ခြင်း၊ ထင်းခုတ်ဝါးခုတ်လုပ်ကိုင်ခြင်း၊ ဈေးရောင်းဈေးဝယ်၊ အိမ်ဆိုင်များ၊ အပ်ချုပ်စက်လုပ်ငန်း၊ လက်သမား/ပန်းရံလုပ်ငန်းများ၊ ကား၊ ထော်လာဂျီ

မောင်း ခြင်း စသော ကျပန်းလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။ တစ်နိုင်တစ်ပိုင်မွေးမြူရေး လုပ်ငန်းများ ကိုလည်း မိသားစုအပိုဝင်ငွေနှင့် စားသုံးနိုင်ရန်အတွက် မွေးမြူကြပါသည်။ ကျေးရွာတွင် မြေယာမဲ့ (၂၉) အိမ်ထောင်စု နှင့် ၂.၅ ဧကအောက်ဆင်းရဲသားတောင်သူအိမ်ထောင်စု ( ၂၁ ) ရှိပါသည်။ ၂.၅ ဧကထက် ပိုင်ဆိုင်သော တောင်သူငယ်နှင့် တောင်သူလတ်သည် (၅၈) ဦးရှိပါသည်။ ၁၂.၅ ဧက အထက် ပိုင်ဆိုင်သော တောင်သူကြီး(၁၂)ဦးရှိပါသည်။ မြေယာမဲ့အိမ်ထောင်စု အနည်းငယ်ကိုသာ တွေ့ရပါသည်။

**(ဂ) ဆင်းရဲမွဲတေမှု၊ ထိခိုက်လွယ်မှုအခြေအနေ။** ။ကျေးရွာသည် မပြေလည်သောအိမ်ထောင်စု (၃၆) စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စု( ၅၁) စုရှိပြီး၊(၈၇)သည် အဆင့် ၃ နှင့် ၄ အိမ်ထောင်စု များ ဖြစ်ကြပါသည်။ ၎င်းအိမ်ထောင်စုများသည် အများအားဖြင့် မြေယာမဲ့ အိမ်ထောင်စုများ၊ လယ် ၂.၅ ဧကအောက်ပိုင်ဆိုင်သော ဆင်းရဲသားတောင်သူများ ဖြစ်ကြပါသည်။ ကြုံရာကျပန်း အလုပ် များကိုသာ အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ ယေဘုယျအားဖြင့် ဆင်းရဲသည်ကို တွေ့ရပါ သည်။ အဆင်ပြေသောအိမ်ထောင်စု (၁၂) အိမ်နှင့် အလယ်အလတ်အိမ်ထောင်စု (၂၁) စုရှိပါသည်။ ကျေးရွာ၏ အဆင့် ၃ နှင့် ၄ အိမ်ထောင်စုများ၏ ၃၈% ကို စားနပ်ရိက္ခာဖူလုံမှု စစ်တမ်းကောက်ယူခြင်း အရ အများ စုသည် နပ်ကျော်စားခြင်း၊ လျှော့စားခြင်း၊ ပြောင်းလဲစားသုံးခြင်းများ မတွေ့ရပါ။ ၃ လ အောက်သာ ဝမ်းစာဖူလုံသူများသည် လုပ်အားခကြိုယူခြင်းနှင့် (၃) လမှ (၆) လအထိ ဖူလုံသူများသည် ချေးငွေချေး ယူကြပြီး ဂမ်းစာအခက်အခဲကို ဖြေရှင်းကြရပါသည်။

ကျေးရွာသည် ထိခိုက်သက်ရောက်လွယ်မှုအခြေအနေမှာ တောင်ပေါ်ဒေသဖြစ်သည့်အတွက် လေပြင်းတိုက်ခတ်မှု ပြင်းထန်လျှင် အိုးအိမ်များ ပျက်စီးခြင်း ၊ လယ်ခင်းများတွင် စိုက်ပျိုးထားသော သီးနှံများ ဆုံးရှုံးခြင်း၊ ဆင်းရဲ၍ ကြုံရာကျပန်းလုပ်ကိုင်စားသောက်ရသော အိမ်ထောင်စုများအနေဖြင့် မိုးများဆက်တိုက်ရွာသည့်အခါတွင် ဂမ်းစာဖူလုံမှုမရှိခြင်း စသော ထိခိုက်သက်ရောက်မှုများ များပြားပါသည်။ တစ်ခါတစ်ရံ မိုးခေါင်သောနှစ်များတွင် ရေထွက်မှ ရေခန်းခြင်းများ ဖြစ်ပေါ်သည့်အခါ သောက်သုံးရေ၊ စိုက်ပျိုးရေးစသော အခက်အခဲ အနည်းငယ် ကြုံတွေ့ရတတ်ပါသည်။ ထို့သို့ သောအခြေအနေများတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု များ၊

မြေယာမဲ့များ၊ လက်လုပ် လက်စားများ အတွက် အလုပ်အကိုင် ရှားပါးခြင်း အခြေအနေများ ကြုံတွေ့ရပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ။** ။ သွေးလွန်တုပ်ကွေး၊ ဆီးချို၊ ငှက်ဖျား ၊သွေးတိုးစသော ရောဂါများလည်း အသင့်အတင့်ဖြစ်ပွားသည်ကို တွေ့ရှိရပြီး တောင်ပေါ်ဒေသဖြစ်သည့်အတွက် သောက်သုံးရေမှာ ထုံးဓာတ်များသောကြောင့် လည်ပင်းကြီးရောဂါ အနည်းငယ်ဖြစ်ပွားသည်ကို တွေ့ရှိရပါသည်။ မူလတန်းကျောင်းတွင် ကလေးသူငယ်များအတွက် အာဟာရတိုက်ကျွေးမှု အစီအစဉ်များ ပြုလုပ်ခြင်း မရှိကြပါ။

**(င) ပညာရေးနှင့်ကျွမ်းကျင်မှု။** ။ ကျေးရွာသည် စာတတ်မြောက်မှု အသင့်သာရှိသည်ဟု သုံးသပ်နိုင်ပါသည်။ စာမတတ်သူ (၄) ဦးသာရှိပြီး၊ အများစုသည် မူလတန်းအဆင့်ရှိသူ (၄၆၇)ဦး နှင့် အလယ်တန်းအဆင့်ရှိသူ ( ၂၅၆ ) ဦး ရှိကြောင်းတွေ့ရပါသည်။ အထက်တန်းအဆင့်ရှိသူ (၄) ဦးနှင့် တက္ကသိုလ်ကောလိပ်အဆင့်ရှိသူ (၆) ဦး သာရှိပါသည်။ မူလတန်းအရွယ်နှင့် အလယ်တန်းအရွယ် ကလေးအများစုသည် မူလတန်း၊ အလယ်တန်းပညာကို လက်လှမ်းမီ သင်ကြားနေသည်ကို တွေ့ရပါသည်။ ကျောင်းတက်နှုန်းမြင့်မားပါသည်။ မူလတန်းကျောင်းသူသား (၅၈) ဦးနှင့် အလယ်တန်းကျောင်းသူသား (၂၀) ဦးရှိပါသည်။ အထက်တန်းကျောင်းသူသား (၃) ဦးနှင့် တက္ကသိုလ်ကျောင်းသူ/သား (၃) ဦးရှိပါသည်။ အလယ်တန်းနှင့် အထက်တန်း ပညာများကို မြနဒီ(အလက)နှင့် ကူမဲ (အ.ထ.က) ကျောင်းတွင် သွားရောက် တက်ရောက်ကြပါသည်။ ကျောက်ဆည်တက္ကသိုလ်သို့ တက်ရောက်ကြပါသည်။ ပန်းရံ၊ လက်သမား၊ စက်ချုပ် စသောကျွမ်းကျင်ပညာရှင်များရှိပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု။** ။ ကျားမဆိုင်ရာဆက်နွယ်မှုသည်  များစွာကွာခြားမှုမရှိပါ။ လူဦးရေဆိုင်ရာ အချက်အလက်အရ အလုပ်လုပ်နိုင်သော လူဦးရေတွင် အမျိုးသမီးအချိုးသည် အမျိုးသားများထက် ပိုမိုများပြားသည်ကို တွေ့ရပါသည်။ ပညာရေးဆိုင်ရာကဏ္ဍတွင်လည်း အမျိုးသမီးများသည် အမျိုးသားများထက် ပညာလေ့လာသင်ယူရန် အခွင့်အရေးပိုရသည်ကို တွေ့ရပါသည်။ ထို့အတူ ကျေးရွာစီမံခန့်ခွဲမှုကဏ္ဍတွင် ထုံးတမ်းဓလေ့အရ အမျိုးသမီးပါဝင်မှု အနည်းငယ်သာ

တွေ့ရပါသည်။ သို့သော် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင်မှု အမျိုးသမီးများ ဦးဆောင်ပါဝင် ခွင့် ရကြပါသည်။

**(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်။ ။** ကျေးရွာတွင် ဂေါပက၊ ဓမ္မစကြာဝတ်ရွတ်အသင်း၊ အရန် မီးသတ်တပ်ဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေး အသင်းအဖွဲ့များ ရှိပါသည်။ ဘာသာရေး၊ ကျေးရွာ၏ သာရေး နာရေးနှင့် ငွေရေးကြေးရေးကိစ္စများနှင့် လုံခြုံရေးကိစ္စများကိုပါ လုပ်ဆောင်ကြပါသည်။ အမျိုးသား၊ အမျိုးသမီးများ ပါဝင်ကြသည်ကို တွေ့ရပါသည်။ စွမ်းဆောင်နိုင်မှုလည်းကောင်း သည်ကို တွေ့ရပါသည်။ ပူးပေါင်းလုပ်ဆောင်ကြပါသည်။ ပိုမိုပူးပေါင်းပါဝင်ရန် ဖွံ့ဖြိုးရေးဆိုင်အသိ အမြင်များ၊ မှတ်တမ်း မှတ်ရာ များ စနစ်တကျထားသိုနိုင်ရန် ပံ့ပိုးပေးရန် လိုပါမည်။

**(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။** ကျေးရွာသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ တောင်သူ (၇၂) ဦးရှိပါသည်။ စုစုပေါင်း လယ်မြေ ဧက (၂၂၆) ဧက၊ ဥယာဉ်ခြံမြေ (၁)ဧကနှင့် ယာမြေ (၁၀၀) ဧကရှိပါသည်။ မြေဆီသြဇာ အသင့်အတင့် ကောင်းမွန်ကြပါသည်။ ခင်လယ်စိမ့်စမ်းရေထွက်မှ စိုက်ပျိုးရေ ရရှိစိုက်ပျိုးနိုင်ပါ သည်။ တစ်နှစ်ပတ်လုံး ရရှိပြီး၊ ပိန္နဲပင်၊ အေးရွာ၊ ခဏ္ဍော၊ မြေတောင် စသော ကျေးရွာများသို့လည်း စိုက်ပျိုးရေများ ဖြန့်ဝေပေးထားပါသည်။ လုံလောက်မှုလည်း ရှိပါသည်။ စပါး(ကောက်ရင်)၊ ဝါနှင့် ပဲရင်း စသော သီးနှံများကို အဓိကစိုက်ပျိုးကြပါသည်။ စပါးကို အဓိကထား စိုက်ပျိုးကြပါသည်။ တစ်ဧက လျှင် တင်း ၄၀ မှ ၆၀ အထိအထွက်နှုန်းရရှိပါသည်။ ဇန်နဝါရီလမှ ဧပြီလအတွင်း စိုက်ပျိုးပြီး တစ်ဆန်ပတ်ကြဲ ခြင်းဖြင့် ပိုမိုဖြစ်ထွန်းအောင်မြင်ပါသည်။ ဆစ်ပိုး၊ ရွက်လိပ်ပိုး၊ မြစ်ပိုး၊ ပြစုပ်၊ ပိုးစိမ်းကိုက်၊ မှို၊ လည်လိမ်၊ ရွက်ဖျားခြောက် စသော ပိုးမွှားရောဂါများ ဖြစ်ကြပါသည်။ အခြားသီးနှံများမှာ အထွက်နှုန်း အသင့်အတင့်ထွက် ရှိပါသည်။ စပါး(ကောက်ရင်)သာ စိုက်ပျိုးရပြီး ရောင်းချရန် ဈေးကွက်မကောင်း ပါ။ ဈေးကွက်မရှိသည့်အတွက် အမြတ်ရရှိမှုသည်လည်း မသေချာပါ။ ကျေးရွာတွင် ထွန်စက် (၂)စီး၊ လက်တွန်းထွန်စက် (၆) စီး၊ ခြွေလှေ့စက်(၂)လုံး၊ ရေစုပ်စက် (၂)လုံး နှင့် မြတ်ရိတ်စက် (၃)လုံးသာ ရှိပါသည်။ အချို့သောအိမ်ထောင်စုများသည် ခိုင်းနွားကို အသုံးပြုကြပါသည်။ ထွန်စက်ကြီးများကို လည်း ငှားရမ်းအသုံးပြုနိုင်ပါသည်။

ထွန်စက်ကြီးများကို တစ်ကေကို ၂၀၀၀၀ ကျပ်နှုန်းခန့် ပေး၍ ငှားသုံးရပါသည်။ လယ်ယာသုံး စက်ကိရိယာ လုံလောက်မှုနည်းပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ စိုက်ပျိုးရေး ချေးငွေ ရရှိပါသည်။ သီးနှံမျိုးစေ့များ၊ မြေသြဇာ၊ ပိုးသတ်ဆေးများကို ကူမဲမြို့ ၊ မြစ်သားမြို့၊ ရွာခိုင်ကြီး၊ မြနဒီကျေးရွာရှိ ဆိုင်များမှ ဝယ်ယူလက်လှမ်းမီပါသည်။ လယ်ယာလုပ်သား အသင့်အတင့်ပေါများ ပါသည်။ လယ်ယာထုတ်ကုန်များကို ကျေးရွာ တွင်းမှာ ရောင်းချရန် ခက်ခဲပါသည်။ သို့သော် စိုက်ပျိုးရေကို ပုံမှန်အလုံအလောက် ရရှိခြင်းသည် စိုက်ပျိုးရေး ကဏ္ဍ၏ အခွင့်အလမ်းတစ်ခု ဖြစ်ပါ သည်။ စိုက်ပျိုးရေးချေးငွေသည် လုံလောက်မှု နည်းပါးပြီး၊ ပိုးမွှားရောဂါကာကွယ်ရေးအတွက် စိုက်ပျိုးရေးနည်းပညာ လက်လှမ်းမီမှုမရှိပါ။ ပွဲစားများ၏ ဈေးနှုန်းကိုသာ မှီခိုရ၍ မှန်ကန်သော သီးနှံ ဈေးကွက် လိုအပ်ပါသည်။

ကျေးရွာတွင် နွား၊ ကြက်နှင့် ဝက်ကိုသာ မွေးမြူကြောင်းတွေ့ရပါသည်။ နွားကို လယ်ယာလုပ်ငန်းခွင်အတွက် မွေးမြူကြပါသည်။ ခွာနာလျှာနာ၊ စသော ကူးစက်ရောဂါများ ဖြစ်ပွား ကြပါသည်။ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မှုနည်းပါးကြောင်း တွေ့ရပါသည်။ မွေးမြူရေး လုပ်ငန်း များ လုပ်ဆောင်ရန် အခွင့်အလမ်းနည်းပါးသော်လည်း မွေးမြူရေး အစာ၊ ရေ အသင့်အတင့် ရရှိနိုင် ပါသည်။ မြစ်သား၊ ကူမဲ၊ ကျောက်ဆည်မြို့များနှင့် အနည်းငယ် ကွာဝေးသည့်အတွက် မွေးမြူရေး ထုတ်ကုန်များ တင်ပို့ ရောင်းချရန် ခက်ခဲပါသည်။ မွေးမြူရေး ချေးငွေ သီးသန့်မရှိသော်လည်း သမဝါယမအသင်း၏ ချေးငွေ မရရှိပါ။ မြို့နယ်တွင် တိမွေးကုဦးစီးဌာနရှိပါသည်။ ကြိုတင် ကာကွယ်ဆေးများ လာရောက်ထိုးနှံပေးသည့်အတွက် ရောဂကျရောက်မှု နည်းပါးသည်ကို တွေ့ရှိရ ပါသည်။ သို့သော် နည်းပညာပိုင်းဆိုင်ရာ ချိတ်ဆက်မှု မလုပ်ဆောင်ဖူးသေးပါ။ မိသားစု အပိုဝင်ငွေ ရရှိရန် သို့မဟုတ် တစ်နိုင်တစ်ပိုင် စီးပွားရေး အဖြစ် မွေးမြူရေးလုပ်ငန်းကို တိုးချဲ့မွေးမြူ သင့်ပါသည်။ တစ်နိုင်တစ်ပိုင် မွေးမြူရေးအတွက် အခြေခံ မွေးမြူရေး ပညာများလိုအပ်ပြီး၊ ကျေးရွာ အတွင် မွေးမြူရေးလုပ်သားများရှိပါက ကျေးရွာအတွင်း ကုသကာကွယ်ရေး လက်လှမ်းမီ လာနိုင်ပါသည်။ မြေလွတ်နေရာများ၍ စားကျက်မြေ သီးသန့်မရှိ သော်လည်း တောင်ပေါ်များတွင် လွှတ်၍ ကျောင်းနိုင်သည့်အတွက် နွား၊ နို့စားနွားမများနှင့် ကြက်များ တိုးချဲ့မွေးမြူ၍ရပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ။** ။ကျေးရွာတွင်

စိုက်မွေး မဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများအဖြစ် များများစားစားမတွေ့ရပါ။ ထင်းခုတ် ဝါးခုတ်ခြင်း၊ အရောင်းအဝယ်လုပ်ငန်း၊ အိမ်ဆိုင်လုပ်ငန်း၊ စက်ချုပ်လုပ်ငန်းနှင့် ကြုံရာကျပန်း လုပ်ငန်းစသော လုပ်ငန်းများသာ တွေ့ရပါသည်။ ကျေးရွာအခြေပြုထုတ်ကုန်လုပ်ငန်းများကိုမူ မတွေ့ရပါ။ ကျေးရွာတွင် အိမ်ဆိုင် (၃) ဆိုင်၊ နွားအရောင်းအဝယ်ရေးပွဲစား (၈) ဦး၊ ဆံပင်ညှပ်သူ (၁) ဦး၊ စက်ချုပ်သူ (၃)ဦး၊ ထုံးဖုတ်လုပ်ငန်းလုပ်ကိုင်သူ (၁) များကို လုပ်ကိုင်ကြပါသည်။ အဟန့်အတား အနေဖြင့် မြို့နှင့်ဝေးကွာ၍ လမ်းပန်းဆက်သွယ်မှုမကောင်းခြင်းသည် အဟန့်အတား တစ်ခုဖြစ်ပါ သည်။ လုပ်သားအင်အား အနည်းငယ်သာရှိသည်ကို တွေ့ရပါသည်။ မန္တလေး၊ ကျောက်ဆည် စသော မြို့ကြီးများတွင် အလုပ်အကိုင် အခွင့်အလမ်း အနည်းငယ်သာ ရရှိနိုင်ပါသည်။ လုပ်ငန်းလည်ပတ်ရန် အရင်းအနှီးငွေကြေး၊ လုပ်ငန်း နှင့်ပက်သက်သော နည်းပညာများသည် အခက်အခဲများဖြစ်ပါသည်။ ထို့အပြင် လျှပ်စစ်မရရှိသေး သော်လည်း ရေအားလျှပ်စစ် အသုံးပြု၍ ရခြင်းသည် အခွင့်အလမ်း တစ်ခုဖြစ်ပါသည်။ သို့သော်လည်း ရေအားလျှပ်စစ်တွင် အခက်အခဲများစွာ ရှိနေခြင်းသည် အဟန့်အတားတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် ကျေးရွာအခြေပြု အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးလာစေရန် ချေးငွေအစီအစဉ်များ၊ ဈေးကွက်၊ နည်းပညာ ချိတ်ဆက်မှု များနှင့် အတူ အခြေခံအဆောက်အဦ ကဏ္ဍများပါ ဖွံ့ဖြိုးရန် လိုအပ်ပါမည်။

**(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု။ ။** ကျေးရွာရှိ မြေဆီသြဇာအခြေအနေသည် ထုံးဓာတ်များရှိနေခြင်းအတွက် အရည်အသွေး ကျဆင်းပါသည်။ သို့သော်လည်း ဓါတုမြေသြဇာများ (အနည်းငယ်သာ)အသုံးပြုခြင်း၊ နွားချေးများ အသုံးပြုမှု များပြားခြင်းအတွက် မြေဆီသြဇာ အရည်အသွေး အသင့်အတင့် ကောင်းမွန်လာပါသည်။ ဖျက်ပိုးရောဂါကာကွယ်ထိန်းသိမ်းမှု အပိုင်းတွင်လည်း ဓါတုပိုးသတ်ဆေးများကို အလွန်အကျွံသုံးစွဲကြ၍ ပိုးရောဂါများ ဆေးဒဏ်ခံ လာနိုင်ပြီး၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နည်းစနစ်များ အလေ့အကျင့်များ လုပ်ဆောင်ရန်လို ပါမည်။ အမှိုက်သရိုက်များကို ရွာအပြင် ဘက်တွင် စနစ်တကျစွန့်ပစ်ကြပြီး၊ ပြီးလျှင်မီးရှို့ကြပါသည်။ ဆေးဗူးခွံများကို အသုံးပြုပြီး နီးစပ်ရာ တွင် စွန့်ပစ်ကြပါသည်။

**(င) ဘဏ်လုပ်ငန်းနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု။ ။** ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ စိုက်ပျိုးရေးချေးငွေရရှိပါသည်။ ပုံစံ ၇ ရှိသူများ ထုတ်ချေးခွင့်ရရှိပါသည်။ ကာလတို

ချေးငွေဖြစ်ပြီး၊ ချေးငွေကာလမှာ ၆ လဖြစ်ပါသည်။ တစ်ကေလျှင် တစ်သိန်းခွဲရပါသည်။ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများ တွင် ပုံမှန်ထုတ်ချေးပါသည်။ ငွေတိုးပေးသူထံမှ လည်းချေးငွေ ရယူနိုင် ပါသည်။ အတိုးနှုန်း ၅ ကျပ် ခန့် ရှိပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။** ကျေးရွာတွင် အခြေခံပညာ မူလတန်း ကျောင်းရှိပါသည်။ မူလတန်းအရွယ်ကလေးငယ်များအားလုံး မူလတန်းပညာကို လက်လှမ်းမီကြပါသည်။ အလယ်တန်းအထက်တန်းပညာကို မြနဒီ(အလက)နှင့် ကူမဲ (အထက) အထက်တန်းကျောင်း သို့ သွားရောက်တက်ရောက်ကြပါသည်။ ကျေးရွာအလှမ်းဝေးပြီး တောင်ပေါ် ဒေသဖြစ်သည့်အတွက် အလယ်တန်း ပညာရေးအတွက် ကျေးရွာမှ မိဘများမှ စုငှားပြီး မြနဒီ (အလက)သို့ ကားဖြင့် တက်ရောက်ကြပါသည်။ အထက်တန်းပညာအတွက် ကူမဲ (အထက) ကျောင်းသို့တက်ရောက်ရန် ပညာရေးဘော်ဒါဆောင်တွင်နေ၍ သင်ယူကြရပါသည်။ ကျောင်းဆရာ ၂ ဦးနှင့် ကျောင်းဆရာမ ၄ ဦးရှိပြီး စုစုပေါင်း ၆ ဦး ရှိပါသည်။ ကျောင်းဆရာ/ဆရာမ လုံလောက်မှုရှိပါသည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာသည် (၃၁၆၂ ) စတုရန်းပေ ရှိပါသည်။ ကျောင်းဆောင် ၂ ဆောင်ရှိပြီး သွပ်မိုး၊ နံကပ်၊ တမံတလင်းခင်း ထားပြီး တည်ဆောက် ခဲ့သော နှစ်မှာ နှစ် (၂၀)ကြာမြင့်ပြီ ဖြစ်သည့် အတွက် ဟောင်းနွမ်းနေပါသည်။ ကျောင်းသုံး ပရိဘောဂများ လုံလောက်မှု မရှိပါ။ ကျောင်းအိမ်သာသည် ယင်လုံအိမ်သာဖြစ်ပြီး ကောင်းမွန်ပါ သည်။ ကျောင်းသားများအသုံးပြုရန်အတွက် ယင်လုံ အိမ်သာ (၂) လုံးလိုအပ်ပါမည်။ အာဟာရ တိုက်ကျွေးမှုအနေဖြင့် ဆန်ပြုတ်စသည်များ ကျွေးလေ့မရှိပါ။ မူလတန်းပညာ ကျောင်းထွက်နှုန်း မရှိပါ။ မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်များ မရှိ ပါ။ ကျောင်းအားကစားကွင်း သီးသန့်မရှိပါ။ သို့သော် ကျောင်းဝန်း ကျယ်ဝန်း၍ ကလေးသူငယ်များ လွတ်လပ်စွာကစား နိုင်ပါ သည်။ မိဘဆရာအသင်းကဦးဆောင်၍ ကျောင်းသားစုံညီပွဲတော်၊ ပညာရည်ချွန် ဆုပေးပွဲများ ကျင်းပပေးပါသည်။

ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှ ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန် လာရောက်ထိုးနှံပေးပါသည်။အခြေခံကျန်းမာရေးပညာပေး အစီအစဉ်များလည်းရှိပါသည်။ ကျေးလက် ကျန်းမာရေးဆေးပေးခန်းသည် ကျေးရွာနှင့်(၁)မိုင်ခွဲသာအကွာ နွားကူးကြီးကျေးရွာတွင်

ရှိပြီး၊ မွေးလူနာများရှိပါက မိုင်းမောတိုက်နယ်ဆေးရုံသို့ လာရောက်မွေးဖွားရပါသည်။ အရေးပေါ် လူနာများ အတွက် မိုင်းမော၊ ကူမဲ မြစ်သား ပြည်သူ့ဆေးရုံ၊ ကျောက်ဆည်ပြည်သူ့ဆေးရုံ၊ ပုဂ္ဂလိက ဆေးခန်းများသို့ သွားရောက်ကြပါသည်။ မြစ်သားမြို့နှင့် ၁၆ မိုင်ခန့်ဝေး၍ ကျန်းမာရေး စောင့်ရှောက်မှု၊ ဝန်ဆောင်မှုများကို လက်လှမ်းမီမှု အားနည်းပါသည်။

ကျေးရွာရှိ အိမ်ထောင်စုအားလုံးသည် ခင်လယ်စိမ့်စမ်းရေသွယ်မှ ရေကို သောက်သုံးကြပါသည်။ သောက်သုံးရန် ကောင်းမွန်သော်လည်း ထုံးဓာတ်အနည်းငယ်ပါရှိသည့်အတွက် ကျန်းမာရေး နှင့် ညီညွတ်မှု နည်းပါးပါသည်။ နွေမိုးဆောင်း သောက်သုံးရေ လုံလောက်မှုရှိပါသည်။ စိမ့်စမ်းရေ သွယ်မှ ရေသည် တစ်ရွာလုံး၏ သောက်ရေနှင့်သုံးရေအတွက် လုံလောက်မှု ရှိပါသည်။ သောက်သုံးရေ အတွက် ပြဿနာမရှိပါ။ ယင်လုံအိမ်သာသုံးစွဲမှုများပြားပြီး အနည်းငယ်သာ တောထိုင် အသုံးပြုကြပါသည်။ အခြေခံကျန်းမာရေး ဗဟုသုတများ သိရှိမှု နည်းပါးပါသည်။ ကျန်းမာရေးဆိုင်ရာအတွက် ဖုံးသွန်လှဲစစ် များကို ပုံမှန်လာရောက် စစ်ဆေးပါသည်။

**(ဆ) လူငယ်၊ ယဉ်ကျေးမှု၊ အားကစား။** ။ ကျေးရွာတွင် အပန်းဖြေရန် နေရာသီးသန့်နေရာ မရှိပါ။ ကျေးရွာတွင် ကဆုန်လ ညောင်ရေသွန်းပွဲ ရှိပါသည်။ ကူမဲမြို့ တောက်ပရစ်ဘုရားပွဲ၊ မြစ်သား တန်ဆောင်တိုင် ဘုရားပွဲ၊ ကျောက်ဆည်ဆင်ကပွဲများသို့ သွားရောက်လေ့ရှိကြပါသည်။ ဘောလုံးပွဲများကြည့်ခြင်းဖြင့် အပန်းဖြေကြပါသည်။ လူငယ်များသည် အလှူ ၊ မင်္ဂလာဆောင်ပွဲများ ကျွေးမွေးဧည့်ခံခြင်း လုပ်ငန်း များ၊ပဋ္ဌာန်း၊ ဓမ္မစကြာရွတ်ခြင်းစသော ဘာသာရေး လုပ်ငန်းများ၊ လမ်းပြုပြင်ခြင်း၊ ဘုန်းကြီးကျောင်း သန့်ရှင်းရေး စသော ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သင်္ကြန်ပွဲ အခါကြီးရက်များတွင် လူကြီးသူမများကို ခေါင်းလျှော်ပေးခြင်း၊ သီတင်းကျွတ်အခါသမယတွင် လူကြီးသူမများကို ကန်တော့ခြင်း၊ သက်ကြီး ပူဇော်ပွဲများပြုလုပ် ရာတွင် ပါဝင်ခြင်း၊ ယဉ်ကျေး လိမ္မာသင်တန်းများတွင် ပါဝင်ကြပါသည်။ ကျေးရွာတွင် ဘောလုံးကွင်းမရှိပါ။ ပိုက်ကျော် ခြင်းခပ် ခြင်း၊ ဘောလီဘောကစားခြင်းများ ပြုလုပ်ကြပါသည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိပါ။ ကျေးရွာရှိ လူငယ်များ၏ အခွင့်အလမ်း ရရှိမှု နည်းပါးပါသည်။

**(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး။** ။ ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်း၊ ရွာချင်းဆက်လမ်းများသည် မြေသား

လမ်းများ ဖြစ်ကြပါသည်။ တောင်ဆင်းတောင်တက်လမ်းများ ဖြစ်သည့်အတွက် ခက်ခဲများစွာ ရှိပါသည်။ ဆိုင်ကယ်၊ သုံးဘီးကား၊ ကားများကို အသုံးပြုသွားလာကြပါသည်။ ကျေးရွာတွင် ကွန်ကရစ်တံတား (၃) စင်း ရှိပါသည်။ ကောင်းမွန်ပြီး တစ်နှစ်ပတ်လုံး အသုံးပြုနိုင် ပါသည်။ ကျေးရွာတွင် လျှပ်စစ်ဓါတ်အား မသွယ်တန်းနိုင်သေးပါ။ အိမ်ထောင်စု ၁၂၀ တွင် (၈) အိမ်ထောင်စုသည် ရေအားလျှပ်စစ် အသုံးပြုကြီး (၅၇) အိမ်ထောင်စုသည် ဆိုလာမီးကို အသုံးပြုကြပြီး၊ ကျန် (၅၅) အိမ်သည် ဖယောင်းတိုင်၊ ဘတ္ထရီမီး များသာ အသုံးပြုကြပါသည်။ ကျေးရွာတွင်လျှပ်စစ်မီး လင်းရေးကော်မတီဖွဲ့စည်းထားရှိပြီး ကျေးရွာ မီးလင်းရေး ရံပုံငွေကောက်ခံရန် စီစဉ်ထားရှိပါသည်။ ကျေးရွာအနီးတွင် တယ်လီနော တာဝါတိုင်နှင့် လက်လှမ်းမီမှုရှိပါသည်။ အခြားတယ်လီဖုန်းဆက်သွယ်မှုများလည်း အနည်းငယ်သာကောင်းမွန်ပါ သည်။ ကျေးရွာတွင် ဖုန်းအသုံးပြုမှုလည်းများပါသည်။

**(ဈ) တည်ငြိမ်းအေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး။** ။ ကျေးရွာသည် မြစ်သားမြို့နှင့် ၁၆ မိုင်ခန့် နှင့် ရွာခိုင်ကြီး ရဲတပ်စခန်းနှင့် ၆မိုင်သာဝေး၍ ရဲဘက်ဆိုင်ရာဝန်ဆောင်မှုများ လက်လှမ်းမီပါသည်။ ထို့အပြင် ကျေးရွာ မှုခင်းဖြစ်ပွားမှု မရှိ၍ တည်ငြိမ်အေးချမ်းပါသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့်ရှိပါသည်။ ကျေးရွာသည် ယေဘုယျအားဖြင့် စည်းလုံးညီညွတ်မှုကောင်းပြီး၊ လူထု ပူးပေါင်းမှု ကောင်းပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာမြေများပေါများ၍ မြေဆီဩဇာ အသင့် အတင့် ကောင်းမွန်ပါသည်။ ခင်လယ်စိမ့်စမ်းရေထွက်မှ စိုက်ပျိုးရေးရရှိ၍ မိုးစပါး၊ ပဲရင်း၊ ဝါစသော သီးနှံများ ဖြစ်ထွန်းအောင်မြင်ပါသည်။ ကျေးရွာအနီးရှိ ခင်လယ်ရေထွက်မှ ချောင်းများသွယ်ယူ၍ စိုက်ပျိုးရေရရှိ စိုက်ပျိုးနိုင်ပါသည်။ မွေးမြူရေးတွင်လည်း နွား၊ ကြက်၊ ဝက် များ တစ်နိုင်တစ်ပိုင် မွေးမြူနိုင်ပါသည်။ စားကျက်မြေသီးသန့်မရှိသော်လည်း မြေလွတ်မြေလပ်များနှင့် တောင်ပေါ်များ

တွင် လွှတ်ကျောင်းနိုင်ကြပါသည်။ အစာ၊ ရေလည်းပေါများပါသည်။ မြို့နှင့်အနည်းငယ်ကွာဝေး၍ မွေးမြူရေး ထုတ်ကုန်များ အလွယ်တကူ တင်ပို့ ရောင်းချနိုင်ရန် အခက်ခဲ အနည်းငယ်ရှိပါသည်။

## (ခ) အဟန့်အတားများ၊ ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် ကျေးရွာအဆင့်တွင် အောက်ပါ အဟန့်အတားများ၊ စိန်ခေါ်မှုများ ရင်ဆိုင်ရပါသည်။

ဒေသခံတောင်သူများသည် မိရိုးဖလာဓလေ့နည်းဖြင့်သာ စိုက်ပျိုးလေ့ကြပြီး၊ ပြောင်းလဲ စိုက်ပျိုးရန် စိတ်ပါဝင်စားသော်လည်း မြေအနေအထားအရ စိုက်ပျိုးရန်ခက်ခဲခြင်းသည် စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အဟန့်အတားတစ်ခု ဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ လုပ်ဆောင်ရန် ရင်းနှီးမတည်ငွေ မပြည့်စုံပါ။ မွေးမြူရေးသီးသန့်ချေးငွေမရှိပါ။ ကျေးရွာ အခြေပြု အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် ချေးငွေ၊ နည်းပညာ၊ ဈေးကွက်စသော လက်လှမ်းမီမှု နည်းပါသည်။ လျှပ်စစ်မီးမရရှိသေးခြင်းသည်လည်း အဟန့်အတား တစ်ခုဖြစ်ပါသည်။

## ၆။ ရည်ရွယ်ချက်ပန်းတိုင် နှင့်ဗျူဟာ

## (က) ရည်ရွယ်ချက်ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေပြုသော ကျေးရွာတစ်ရွာဖြစ်၍ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ အခြားစီးပွားရေး ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ အောက်ပါကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင် ၃ ချက်ကို ရေးဆွဲထားပါသည်။

(က) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်းနှင့် တစ်နိုင်တစ်ပိုင်မွေးမြူရေးတိရစ္ဆာန်များ တိုးတက် မွေးမြူခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာခြင်းဖြင့် မိသားစုများ ဝင်ငွေတိုးလာစေရမည်။

(ခ)  အခြေခံပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဝန်ဆောင်မှုများနှင့် အဆောက်အဦများ ဖွံ့ဖြိုးလာစေခြင်းဖြင့် ကျေးရွာလူမှုဘဝ တိုးတက်လာရမည်။

(ဂ) ကျေးရွာ၏ အခြေခံအဆောက်အဦကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရမည်။

**(ခ) ဖွံ့ဖြိုးရေးဗျူဟာ**

အထက်ပါကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင်များ ပြည့်မီရန်အတွက် ကျေးရွာအတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများ ကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထုများပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ်ထားပါသည်။

(၁) ကျေးရွာ၏**စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန်** ဆည်မြောင်းဦးစီးဌာနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံးလုံလောက်စွာရရှိရန် ချိတ်ဆက်သွားရမည်။ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန နှင့် ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်း နည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်ရေးနည်းလမ်းများ၊ မြေဆီလွှာနှင့် မြေသြဇာ အသုံးပြု နည်းများ စသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက်ရှိသော သီးနှံ ထုတ်ကုန်စျေးနှုန်းများ ရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင် သွားရမည်။ မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေး ကုသဆေးများ လက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ်သွားမည်။

(၂) ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြုများ ဖြည့်ဆည်းခြင်း၊ ကျောင်းအိမ်သာများ ဆောက်လုပ်ခြင်းများ ပြုလုပ်သွားမည်။ တစ်ကိုယ်ရေကျန်းမာရေး စောင့်ရှောက်မှုအတွက် အခြေခံကျန်းမာရေး စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ရယူသွားမည်။ ထို့အပြင် လူငယ်များ စာပေ

ဗဟုသုတ လက်လှမ်းမီရန် စာဖတ်အလေ့အကျင့် ဖြစ်လာစေရန် စာကြည့်တိုက် အသင်းများ ဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများ နှင့်ချိတ်ဆက်ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများ ဖန်တီး ပေးခြင်း၊ လူငယ်စွမ်းရည် မြှင့်တင်ရေးလုပ်ငန်းများ မိတ်ဆက်ပေးခြင်း၊ စာဖတ်ရန်အလေ့အထ ထွန်းကားရန် အသိနိုးဆော်ခြင်း၊ လူငယ်များ အားကစားလှုပ်ရှားမှုများ လက်လှမ်းမီရန် ဖန်တီးပေး ရန် တို့ ဖြစ်ပါသည်။

(၃) ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်း နှင့် ရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်း ခြင်းများ ပြုလုပ်သွားခြင်းဖြင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မလုပ်ဆောင်နိုင်သော၊ မဖြေရှင်းနိုင်သော ပြဿနာ များအတွက် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် နိုင်ငံတော်အဆင့်၊ ဒေသအဆင့်၊ မြို့နယ်အဆင့်တွင် မူဒများ၊ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်း ပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြား သက်ဆိုင်ရာဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဒများ၊ အစီအစဉ် များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်းအထွက်နှုန်း ကျဆင်းလာပါသည်။ စိုက်ပျိုးရေး ပညာပေး ဌာနတွင်ဝန်ထမ်း မလုံလောက်ခြင်း၊ဘက်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန်မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ်ဖြစ်ပါ သည်။ ထို့ကြောင့် မူဒများ၊ ဘက်ဂျက်များ၊ ဒေသလိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင် ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘက်ဂျက် လျာထားချက်များ ထားရှိခြင်းများ ကို လုပ်ဆောင်သင့်ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေးဆိုင်ရာ မူဒါများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေး နိုင်ရန် ဘက်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့် လုပ်ဆောင်နိုင်ရန် ပညာရေးဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာအခြေပြု အသေးစား စီးပွားရေးလုပ်ငန်းများ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်းမီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေစနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဒါများ ချမှတ်လုပ်ဆောင်ရန် လိုပါမည်။

## ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်မည့်ကာလ

**(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်။ ။** ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများမရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက် များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများ နှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင် အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည်ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

**(ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း။ ။** အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ဆိုင်ရာ အချက် အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာန များအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက် များကို သိရှိနားလည် ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်လုပ်ငန်းများ၏ အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

### ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် ( ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည် ) ၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်း ဖြစ်ပါသည်။

### ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်းဖြစ်ပါသည်။

(၁) သာမန်အသုံးစရိတ် (Current Expenditure) ဥပမာ။ ။ လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခစသည်များ

(၂) ငွေလုံးငွေရင်းအသုံးစရိတ် (Capital Expendiuture) ဥပမာ။ ။ ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူရသော ရင်းနှီးမြှုပ်နှံမှုများ။

(၃) စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံး စရိတ်၊

(၄) လူသားချင်းစာနာမှုအထောက်အပံ့ (Humanitarian Support)

**(ဂ) ဦးစားပေး စီမံချက်များ**

ကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကိုအခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

### (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံချက်ကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံချက်ကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

**အကောင်အထည်ဖော်မည့်အချိန်ကာလ**

| စဉ် | စီမံချက် | ဦးစားပေးအဆင့် | ကာလ | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | |
| ၁ | လျှပ်စစ်မီးသွယ်တန်းခြင်း | ၁ | | √ | √ | √ | | |
| ၂ | ရွာလမ်းဖောက်လုပ်ခြင်း | ၂ | | √ | √ | √ | √ | |
| ၃ | ကျောင်းသုံးပရိဘောဂများ ဖြည့်ဆည်းခြင်း | ၃ | | √ | √ | | | |

## ၉။ ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာဗျူဟာအစီအစဉ်

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ်ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘက်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါဘက်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သားအင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

**ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်**

| | | | | ရင်းနှီးမြှုပ်နှံငွေအမျိုးအစားခွဲခြားခြင်း ငွေလုံးငွေရင်းအသုံးစရိတ် | | |
|---|---|---|---|---|---|---|
| စဉ် | စီမံချက် အထောက်အပံ့ | စုစုပေါင်း ခန့်မှန်း ဘက်ဂျက် | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း ရင်းနှီး မြှုပ်နှံမှု | စွမ်းဆောင် ရည် မြှင့်တင်ရေး | လူသားချင်း စာနာမှု |
| ၁ | လျှပ်စစ်မီးသွယ်တန်းခြင်း | | | √ | | |
| ၂ | ရွာတွင်းလမ်းဖောက်လုပ်ခြင်း | | | √ | | |
| ၃ | ကျောင်းသုံးဂရိဘောဂများ ဖြည့်ဆည်းခြင်း | | | √ | | |

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက်ဆုံး အကောင် အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံချက် များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-

မိဘဆရာအသင်းသည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန် တိုးတက်ရန်တာဝန်ယူ ဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည် ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်း သည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာ ကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ် ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံချက်လုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ ( နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြ ထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထား သော အဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်

သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ သည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်း များနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့ အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြု သူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတား ပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်း များဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်း ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင် အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်း၍ ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ ( Baseline ) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့ အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထု အစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှု ကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါ အချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု ( မူလလျာထားချက်နှင့် နှိုင်း ယှဉ်၍ ) ၊
- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ် ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီး ဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ( ၂ ) မျက်နှာ ၊ ( ၃ ) မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင် ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက် မည့် အစီအစဉ်များ၊ လိုအပ် သော အကူအညီအထောက်အပံ့များ စသည်တို့ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ် တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေ များကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြား ပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကို

လည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(င) နည်းပညာဆိုင်ရာအကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

**ဦးစားပေးစီမံချက်များ**

| ကဏ္ဍ | စီမံချက် | ရ မှတ် | ဦးစားပေး အဆင့် | စီမံကိန်း ရှင်းလင်းချက် | မှတ် ချက် |
|---|---|---|---|---|---|
| ၁။ လျှပ်စစ် | ၁။ မဟာ ဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းခြင်း | ၉၅ | ၂ | | |
| ၂။ အခြေခံ အဆောက်အဦ | ၂။ ကျေးရွာချင်း ဆက်လမ်း ကွန်ကရစ်လမ်း ခင်းခြင်း | ၈၇ | ၃ | | |
| ၃။ ကျန်းမာရေး | ၃။ ကျေးလက်ဆေးပေးခန်းတည် ဆောက်ခြင်း | ၁၀၀ | ၁ | | |
| ၄။ အခြေခံ အဆောက်အဦ | ၃။ ကျေးရွာတွင်း လမ်းဂျင်းခြင်း | ၇၅ | ၅ | | |

| ကဏ္ဍ | စီမံချက် | ရ မှတ် | ဦးစားပေး အဆင့် | စီမံကိန်း ရှင်းလင်းချက် | မှတ် ချက် |
|---|---|---|---|---|---|
| ၃။လူငယ်နှင့် အားကစား | ၃။စာကြည့်တိုက်တည်ဆောက်ခြင်း | ၈၀ | ၄ | | |

**ဇယား (၄၅) ခင်လယ်ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်**

| ပြဿနာ | ဖြစ်ပွားရသည့် အကြောင်းအရင်း | အလားအလာ | အဟန့်အတား | ဖြေရှင်းနိုင်သည့် နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|

| ပြဿနာ | ဖြစ်ပွားရသည့် အကြောင်းအရင်း | အလားအလာ | အဟန့်အတား | ဖြေရှင်းနိုင်သည့် နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|
| **၁။ အခြေခံ အဆောက်အဦ**<br>• ကျေးရွာချင်းဆက် လမ်း မကောင်းခြင်း | • တောင်တက်လမ်း ဖြစ်နေခြင်း။<br>• မြေသားလမ်း ဖြစ်နေခြင်း | • ကျောက်ပေါများ ခြင်း | • ငွေကြေးခက်ခဲ ခြင်း<br>• ဆင်းရဲခြင်း | • ကျေးလက်လမ်း ဦးစီးဌာနနှင့် ချိတ်ဆက်ရန်<br>• ကျေးရွာချင်း ဆက် လမ်း ကွန် ကရစ်လမ်းခင်းရန် | • ကျေးလက်လမ်း ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း<br>• ကျေးရွာချင်း ဆက် လမ်း ကွန် ကရစ် လမ်းခင်း ခြင်း |
| **၂။ လျှပ်စစ်**<br>• ကျေးရွာတွင် လျှပ်စစ် မီးမရရှိခြင်း | • ကျေးရွာတွင် ငွေကြေး အင်အား မပြည့်စုံခြင်း<br>• ဆင်းရဲသော<br>• မိသားစု များခြင်း | • မဟာဓါတ်အား လိုင်းနှင့် ၁ မိုင်ခွဲ ဝေးခြင်း<br>• မီးလင်းရေး ကော်မတီရှိခြင်း | • ကျေးရွာရန်ပုံငွေ မလုံလောက်ခြင်း<br>• ဆင်းရဲခြင်း | • မြို့နယ်လျှပ်စစ် ဦးစီးဌာနနှင့် ချိတ်ဆက်ရန်<br>• ကျေးရွာလျှပ်စစ်မီး သွယ်တန်းရန် | • မြို့နယ်လျှပ်စစ် ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း<br>• ကျေးရွာလျှပ်စစ် မီးသွယ်တန်း ခြင်း |
| **၃။ ကျန်းမာရေး**<br>• ကျေးလက်ကျန်းမာ | • တောင်ပေါ်ကျေးရွာ | • မြေနေရာရှိခြင်း | • ကျေးရွာ၏ စီးပွား | • ကျေးလက် | • ကျေးလက်ဦးစီးဌာန |

| ပြဿနာ | ဖြစ်ပွားရသည့် အကြောင်းအရင်း | အလားအလာ | အဟန့်အတား | ဖြေရှင်းနိုင်သည့် နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|
| ရေးဌာန မရှိခြင်း | ဖြစ်နေခြင်း<br>• ကျေးလက်ကျန်းမာရေးဌာနနှင့် သွားလာရန် ခက်ခဲခြင်း | | ရေးအခြေအနေ အားနည်းခြင်း | •ဦးစီးဌာနနှင့် ချိတ်ဆက်ရန်<br>•ကျေးလက်ဆေးပေးခန်းတည်ဆောက်ရန် | နှင့်ချိတ်ဆက်ခြင်း<br>• ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်း |
| **၄။ အခြေခံ အဆောက်အဦ**<br>•ကျေးရွာတွင်းလမ်း မကောင်းခြင်း | • မြေသားလမ်းဖြစ်နေခြင်း<br>• မိုးရာသီအခါ ရွံ့ဗွက်များ ဖြစ်၍ သွားလာရ ခက်ခဲခြင်း | | •ကျေးရွာ၏ စီးပွားရေးအခြေအနေ အားနည်းခြင်း | •ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ရန်<br>•ကျေးရွာတွင်းလမ်း ဂျင်းခင်းရန် | • ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း<br>• ကျေးရွာတွင်းလမ်း ဂျင်းခင်းခြင်း |
| **၅။ လူငယ်နှင့် အားကစား**<br>•ကျေးတွင်း စာကြည့်တိုက် | • ငွေကြေးခက်ခဲ့ခြင်း<br>• အခြားလိုအပ်ချက်များ ဦးစားပေးနေရခြင်း | •မြေနေရာရှိခြင်း | •ကျေးရွာ၏ စီးပွားရေးအခြေအနေ အားနည်းခြင်း | •ကျေးလက် ဦးစီးဌာနနှင့် ချိတ်ဆက်ရန် | • ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း<br>• စာကြည့်တိုက် |

| ပြဿနာ | ဖြစ်ပွားရသည့် အကြောင်းအရင်း | အလားအလာ | အဟန့်အတား | ဖြေရှင်းနိုင်သည့် နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|
| မရှိခြင်း | | | | စာကြည့်တိုက် တည်ဆောက်ရန် | တည်ဆောက်ခြင်း |

## ရည်ညွှန်းချက်များ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၈၊ ဇန်နဝါရီ၊

၂။ ကျေးရွာ၏ လူမှုစီးပွားရေးအထောက်အကူပြုဇယားများ

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်**

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)**

| | |
|---|---|
| ကျေးရွာ | - ခင်လယ်ကျေးရွာ |
| ကျေးရွာအုပ်စု | - ခင်လယ်ကျေးရွာ |
| မြို့နယ် | - မြစ်သားမြို့နယ် |
| တိုင်းဒေသကြီး / ပြည်နယ် | - မန္တလေးတိုင်းဒေသကြီး |
| စီမံချက်အမည် - **လျှပ်စစ်မီးသွယ်တန်းခြင်း** | |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>ကျေးရွာ၏ လက်ရှိအခြေအနေသည် ဆိုလာမီးလင်းရေးစနစ်သာ အသုံးပြုနေရသည်။ ဆိုလာ မီးလင်းရေးသည် အိမ်မီးထွန်းဖို့ရန် ရရှိပါသည်။ တိမ်ထူသော မိုးများသော နေ့ရက်များ မိုးရာသီကာလများတွင် မီးဝင်မှုနည်းပါးသည်များလည်း ကြုံတွေ့ရပါသည်။ ထို့အပြင် ကျေးရွာ တွင် အိမ်ခြေ ၁၀၀ တွင် ၈၆ အိမ်သာလျှင် ဆိုလာမီးလင်းပြီး ကျန် အိမ်ထောင်စုများသည် အခြားမီးများသာ အသုံးပြုနေရပါသည်။ ချက်ရေးပြုတ်ရေးတွင် ထင်းမီးသွေးများကိုသာ အသုံးပြုကြ၍ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ ကြုံရပါသည်။ | |
| **စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြ ရန်)**<br>လျှပ်စစ်မီးရရှိခဲ့လျှင် ချက်ရေးပြုတ်ရေးအပါအဝင် အခြားလူမှုဘဝများ ဖွံ့ဖြိုးတိုးတက် လာပါမည်။ ပညာရေးမှာလည်း ယခုလက်ရှိအခြေအနေထက် တိုးတက်လာမည်။ ကျေးရွာ ၏ စက်မှုလုပ်ငန်း၊ လက်မှုလုပ်ငန်းများတွင်လည်း အချိန်တိုအတွင်း ပစ္စည်းများကို ထုတ်လုပ်နိုင်မည်။ ညရေးညတာကိစ္စများတွင်လည်း သွားလာရလွယ်ကူလာမည် ဖြစ်ပါ သည်။ | |
| **မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုး ကျေးဇူးများ**)<br>ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးဘဝအဆင့်အတန်းများ တိုးတက် လာမည်။ စက်မှုလက်မှုများတွင်လည်း ယခုလက်ရှိထက် ပိုမိုထုတ်လုပ်နိုင်မည် ဖြစ်ပါသည်။ ထိုသို့ ထုတ်လုပ်နိုင်ခြင်းကြောင့် ဝင်ငွေများပြားလာ၍ လုပ်ငန်းများလည်း တိုးချဲ့နိုင်မည် | |

| |
|---|
| ဖြစ်ပါသည်။ ထို့သို့ စီးပွားရေးမှာလည်းယခုထက် တိုးတက်လာမည်။ |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏလုပ်ရမည်)**<br>ကျေးရွာအိမ်ထောင်စု ၁၀၀ စု မီးလင်းရန် လုပ်ဆောင်သွားမည်။<br>လျှပ်စစ်မီးတိုင် (၁၃၀) တိုင်၊ လျှပ်စစ်မီးကြိုး (၄၀၀၀) ပေ၊ ထရန်စဖော်မာ (၁) လုံးနှင့် မီးသီးများလည်း လိုအပ်ပါမည်။ |
| **စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု** |

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၅၅၀ သိန်း (ငွေသား)<br>• ၁၀၀ သိန်း (ငွေသား)<br>• ………………………<br>• (ပစ္စည်း/လုပ်အား)<br>• | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ<br>• |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၁၇၁ | ၂၂၇ | ၃၉၈ | ၁၂ | ၁၆ | ၅၁ | ၂၁ | ၁၀၀ |
| **အကျိုးခံစားမည့် ဦးရေ** | ၁၇၁ | ၂၂၇ | ၃၉၈ | ၁၂ | ၁၆ | ၅၁ | ၂၁ | ၁၀၀ |
| မှတ်ချက်။ ချောင်လည်အဆင့်–၁၊ အလယ်အလတ်အဆင့် –၂၊ ဆင်းရဲ– ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ |

| |
|---|
| အကောင်ထည်ဖော်မည့်စနစ် ( ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား )<br>ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် မြို့နယ်လျှပ်စစ်ဦးစီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်။ |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း ၂၀၁၈ –၂၀၁၉ |
| (၃) စီမံချက်ပြီးစီးမည့်အချိန် ၂၀၂၀– ၂၀၂၁ |
| (၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်<br>ကျေးရွာရန်ပုံငွေ ထည့်ဝင်ခြင်းနှင့် ကျေးရွာလုပ်သားအဖွဲ့ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များလျှပ်စစ်ပစ္စည်းများ ရောက်ရှိချိန်မှစ၍ ပြီးဆုံးချိန် အထိ ကျေးရွာအဖွဲ့အစည်းများမှ ထိန်းသိမ်း သွားမည်ဖြစ်ပါသည်။ ကျေးရွာသူ/သားများထံမှ လျှပ်စစ်မီးရရှိရန်အတွက် ဝင်ရောက်ပါဝင် ထောက်ပံ့ရန် အိမ်ထောင်စုတစ်စုလျှင် တစ်နှစ်လျှင် ၁၀၀၀၀ ကျပ် ကောက်ခံပြီး လူလုပ်အား တို့ဖြင့် နှစ်စဉ်ထိန်းသိမ်း စောင့်ရှောက်သွားမည်ဖြစ်ပါသည်။ |